**(၃) ဖားဥမှိုရောဂါ (Powdery Mildew)**

**ရောဂါဖြစ်စေသက်ရှိ -** ***Oidium nephelii***

**ရောဂါလက္ခဏာများ**

ပေါင်ဒါမှုန့်ကဲ့သို့သောအဖြူရောင်မှိုများကို အရွက်မျက်နှာပြင်နှင့် အသီးများပေါ် တွင် အကွက်လိုက် တွေ့ရသည်။ အပွင့်ပွင့်ချိန်နှင့် အသီးကင်းဝင်ချိန်များတွင် ရောဂါကျရောက်ပါက အပွင့် အသီးကင်းများ ကြွေကျနိုင်သည်။

ကာကွယ်နှိမ်နင်းနည်းများ

- ခံနိုင်ရည်ရှိသောမျိုးများကို ရွေးချယ်စိုက်ပျိုးပါ။
- ရောဂါကျအပင်အစိတ်အပိုင်းများကို ခုတ်ထွင်ရှင်းလင်းပါ။မီးရှို့ဖျက်ဆီးပါ။
- အောက်ပါမှိုသတ်ဆေးများကို အသုံးပြုနိုင်ပါသည်။
  - Myclobutanil  (မိုက်ကလိုဗျူသာနေး)
  - Difenoconazole (ဒီဖီနိုကိုနာဇိုး)
  - Tebuconazole (တက်ဗျူကိုနာဇိုး)
  - Surfur (ဆာလ်ဖာ)
  - Kresoxim methyl (ကရီဆိုဇင်မ်-မီသိုင်း)
  - Trifloxystrobin (ထရိုင်ဖလောက်ဆီစထရိုဘင်)



